# လက်နက်ကိုင်ပဋိပက္ခနှင့်ကလေးများဆိုင်ရာ နားလည်မှုစာချွန်လွှာထုတ်ပြန်ကြောင်း ကြေညာချက်
# Announcing Launch of *Deed of Commitment* on Children and Armed Conflict

နိုဝင်ဘာလ ၂၇က် ၂၀၁၀ ခုနှစ်

ဂျီနီဗာကောအဖွဲ့သည် လက်နက်ကိုင်ပဋိပက္ခ၏သက်ရောက်မှုကို ခံစားရသောကလေးများအားကာကွယ်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာတခုကို ထုတ်ပြန်လိုက်ပြီဖြစ်ကြောင်း ဝမ်းမြောက်စွာကြေညာအပ်ပါသည်။ စံချိန်စံညွှန်းတခုဖြစ်ပြီး တကမ္ဘာလုံးနှင့်သက်ဆိုင်မည့် ယခုစာချွန်လွှာသည် သက်ဆိုင်ရာနိုင်ငံတကာစာချုပ်စာတမ်းများတွင် တရားဝင်စာချုပ်အဖွဲ့ဝင်ဖြစ်နိုင်ခွင့်ကင်းမဲ့နေသော အစိုးရမဟုတ်သည့်လက်နက်ကိုင်အဖွဲ့များအား ကလေးများအား လက်နက်ကိုင်ပဋိပက္ခမှ ကာကွယ်စောင့်ရှောက်ပေးသည့် နိုင်ငံတကာအဆင့်အတန်းများနှင့် ပတ်သက်၍ တာဝန်ယူအမိဌာန်ပြုမှုများ ပြသနိုင်ရန် အခွင့်အလမ်းပေးလိုက်ခြင်းဖြစ်သည်။

ယခုနားလည်မှုစာချွန်လွှာသည် ဂျီနီဗာကောအဖွဲ့၏ ဒုတိယအကြိမ်မြောက် စာချွန်လွှာဖြစ်သည်။ ပထမစာချွန်လွှာဖြစ်သည့် မြေမြှုပ်မိုင်းများတားမြစ်ရေးနှင့် မြေမြှုပ်မိုင်းဆိုင်ရာလုပ်ဆောင်မှုများ ပူးတွဲဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို ကမ္ဘာပေါ်ရှိ အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့ပေါင်း (၄၁) ဖွဲ့က လက်မှတ်ရေးထိုးထားပြီး ထိုစာချွန်လွှာ၏ ဆယ်နှစ်ပြည့်ကာလတွင် ယခုဒုတိယစာချွန်လွှာကို ထုတ်ပြန်နိုင်ခြင်းဖြစ်သည်။

ယခုနားလည်မှုစာချွန်လွှာကို ဂျီနီဗာကောအဖွဲ့နှင့် အစိုးရမဟုတ်သည့် လက်နက်ကိုင်တပ်ဖွဲ့များအကြား အသေးစိတ်တိုင်ပင်ဆွေးနွေးမှုများလုပ်ဆောင်အပြီး ကလေးစစ်သားအသုံးပြုမှုရပ်တံ့ရေးညွန့်ပေါင်းအဖွဲ့၊ ယူနီဆက်ဖ်၊ အိုင်စီအာစီ၊ ကုလသမဆိုင်ရာကွတ်ကာအဖွဲ့ရုံးနှင့် အခြားနိုင်ငံတကာဥပဒေရေးကျွမ်းကျင်သူများ အပါအဝင် ကျွမ်းကျင်သူအကြံပေးအဖွဲ့၏အကြံပေးချက်အရ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ မြေမြှုပ်မိုင်းတားဆီးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနည်းတူပင် ယခုစာချွန်လွှာကို ဂျီနီဗာပြည်ထောင်စုနှင့် မြို့တော်ဒေသက ထိမ်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ပြီး ဖြစ်နိုင်ပါက စာချွန်လွှာလက်မှတ်ထိုးခြင်းကို ၁၉၆၄ ခုနှစ်က ပထမဂျီနီဗာစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည့် အယ်လာဘားမားခန်းမတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ဂျီနီဗာကောအဖွဲ့၏ ဉက္ကဌဖြစ်သူ Elisabeth Decrey Warner က ယခုယန္တယားအသစ်အတွက် စိတ်ဓာတ်တက်ကြွမိသော်လည်း စိတ်ရှည်သည်းခံမှုများ လိုအပ်နေသေးကြောင်း ပြောဆိုခဲ့ပါသည်။ “အခုလို နားလည်မှုစာခွန်လွှာသစ်ကို ကြေညာနိုင်ခြင်းဟာ လက်နက်ကိုင်ပဋိပက္ခအတွင်းမှာရှိတဲ့ အရပ်သားတွေကို ကာကွယ်ပေးနိုင်အောင် ကြိုးပမ်းတာနဲ့ပတ်သက်လို့ အရေးကြီးတဲ့ခြေလှမ်းသစ်တခုကို ဖော်ဆောင်နိုင်တာဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ကျမတို့ရဲ့အတွေ့အကြုံအရပြောရရင် ကလေးတွေအပေါ်ကာကွယ်စောင့်ရှောက်အောင် လုပ်ဆောင်ရတာ ကြီးမားရှုတ်ထွေးသလို လိုအပ်မှုတွေများတဲ့ လုပ်ငန်းစဉ်တရပ်လဲ ဖြစ်ပါတယ်။ လက်မှတ်ရေးထိုးတာဟာ ပထမခြေလှမ်းလို့ဆိုနိုင်သလို ဒီလိုလက်မှတ်ထိုးတဲ့အဆင့်ကိုရောက်ဖို့တောင် အချိန်အတိုင်းအတာတခု လိုအပ်ပါသေးတယ်” ဟုဆိုပါသည်။

ဂျီနီဗာကောအဖွဲ့အနေဖြင့် ယခုနားလည်မှုစာချွန်လွှာပေါ်ပေါက်လာစေရေးအတွက် ဝိုင်းဝန်းကူညီပေးခဲ့ကြသော သူများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။ ထို့ပြင်လက်နက်ကိုင်ပဋိပက္ခများ၏သက်ရောက်မှုကို ခံစားနေရသောကလေးများအားကာကွယ်မှုအား အကူအညီပေးလိုသော သက်ဆိုင်ရာအဖွဲ့အစည်းများ အားလုံးနှင့် လက်တွဲလုပ်ဆောင်သွားနိုင်မည်ဟု မျှော်လင့်မိပါသည်။

နောက်ထပ်သိရှိလိုပါက အောက်ပါပုဂ္ဂိုလ်ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။
Jonathan Somer,
Programme Coordinator on Children and non---State Actors
+41 22 879 10 50 or info@genevacall.org